# သဗျာကျေးရွာ

# မြိတ်မြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၂- ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

သဗျာကျေးရွာ၊မြိတ်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြိတ်မြို့နယ်နှင့်

သဗျာကျေးရွာဖွံ့ဖြိုးရေးကော်မတီတို့ကူညီရေးဆွဲသည်)

၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ

မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၄ |
| | **သဗျာကျေးရွာသယံဇာတပြမြေပုံ၊ Seasonal Calendar၊ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ၊ ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း၊ မြိတ်မြို့နယ်** | ၆ |
| ၁။ | **တည်နေရာနှင့်ပထဝီဝင်အနေအထား** | ၈ |
| ၂။ | **ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ** | ၈ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ** | ၈ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၉ |
| | (က) သီးနှံစိုက်ပျိုးရေး | ၉ |
| | (ခ) မွေးမြူရေးလုပ်ငန်းနှင့်ငါးလုပ်ငန်း | ၉ |
| | (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | ၁၀ |
| | (ဃ) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၁၀ |
| | (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၁၁ |
| ၅။ | **အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ** | ၁၁ |
| | (က) ကျေးလက်သယ်ယူပို့ဆောင်ရေး | ၁၁ |
| | (ခ) ကျေးရွာမီးလင်းရေး | ၁၁ |
| | (ဂ) သတင်းနှင့်ဆက်သွယ်ရေး | ၁၁ |
| ၆။ | **ပညာရေး** | ၁၂ |
| ၇။ | **ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး** | ၁၂ |
| ၈။ | **ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၃ |
| ၉။ | **ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ** | ၁၃ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ** | ၁၅ |

| **နောက်ဆက်တွဲ** | | |
|---|---|---|
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | **၁၆** |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | **၁၇** |
| | **နောက်ဆက်တွဲ** (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား | ၇၀ |
| | **နောက်ဆက်တွဲ** (၄) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၁) | **၇၆** |
| | **နောက်ဆက်တွဲ** (၅) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၂) | **၇၈** |
| | **နောက်ဆက်တွဲ** (၆) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၃) | **၈၀** |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ကျေးရွာ၏ လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၂၂/၂၀၂၃ဘဏ္ဍာရေးနှစ်မှ၂၀၂၆/၂၀၂၇ခုနှစ်အထိ (၅) နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသောသမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအားအထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင်သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများကစီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည်ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့် အရောက်တွင်လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့်လုပ်ငန်းအစီအစဉ်များကိုမူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေ

အုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စသည့်သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့်ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာစသည်တို့ကိုအဓိကထားဖော်ပြထားပါသည်။

နိုဝင်ဘာလ၊၂၀၂၂

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**သဗျာကျေးရွာ**

**မြိတ်မြို့နယ်**

# သဇ္ဈာကျေးရွာသယံဇာတပြမြေပုံ




Seasonal Calendar



## အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ



## ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း



ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေးလုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၃ | ၁၂ | ၁၃ | ၅၀ |

## ၁။တည်နေရာနှင့်ပထဝီဝင်အနေအထား

သဖျာကျေးရွာသည် သစ်ယာဝကျေးရွာအုပ်စု၊ မြိတ်မြို့နယ်တွင်ပါဝင်ပြီး မြောက်လတ္တီကျူ၁၂ဒီဂရီ၃၅မိနစ်၊ ၂၇စက္ကန့်နှင့်အရှေ့လောင်ဂျီကျူ၉၈ဒီဂရီ၊ ၃၈မိနစ်၃၁စက္ကန့် အကြားတွင်တည်ရှိပါသည်။ သဖျာကျေးရွာ၏အရှေ့ဘက်တွင် နတ်သျှင်သန့်ကျေးရွာ၊ တောင်ဘက်တွင်ကျွဲကူး-ကျောက်ဖျာမြစ်စီးဆင်းနေပြီး အရှေ့မြောက်ဘက်တွင် သစ်ယာဝ ကျေးရွာ၊ အနောက်ဘက်တွင် ကဘင်းချောင်းကျေးရွာ၊ ကျွန်းစုကျွန်းဆွယ်များ တည်ရှိပါသည်။ ၎င်းကျေးရွာများသို့ ရေလမ်းခရီးဖြင့်သာ သွားရောက်နိုင်ပြီး သဖျာကျေးရွာမှ နတ်သျှင်သန့်ကျေးရွာသို့ ကုန်ထုတ်လမ်းဖောက်လုပ် လျက်ရှိပါသည်။

## ၂။ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

သဖျာကျေးရွာသည် ပူအိုက်စွတ်စိုသော ရာသီဥတုရှိပြီး၊အမြင့်ဆုံးပူချိန် (၃၆) ဒီဂရီ စင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာ (၂၀) ဒီဂရီစင်တီဂရိတ်ဖြစ်ပါသည်။ သဖျာကျေးရွာ၏ အမြင့်ဆုံးမိုးရေချိန်မှာ (၁၈၂.၃၉) လက်မဖြစ်ပြီး အနိမ့်ဆုံးမိုးရေချိန်မှာ (၁၀၅.၉၂) လက်မ ဖြစ်ပါသည်။ နွေရာသီတွင်အမြင့်ဆုံးအပူချိန်မှာ၃၈.၅ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန် မှာ၃၅.၅ဒီဂရီစင်တီဂရိတ်ဖြစ်ပါသည်။ ဆောင်းရာသီတွင် အမြင့်ဆုံးအပူချိန်မှာ ၂၁.၅ဒီဂရီ စင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာ၁၄.၅ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ပါသည်။ သဖျာ ကျေးရွာတွင် သဘာဝအလျောက်ပေါက်ရောက်သည့် သဘာဝပေါက်ပင်များမှာဓနိပင်၊ လမု၊ လမဲ့၊ ပရုန်းပင်တို့ပေါက်ရောက်ပါသည်။

## ၃။ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

သဖျာကျေးရွာတွင် ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေမှာ ကောင်းမွန် ပါသည်။ ကျေးရွာ၏လူမှုရေး၊ ပညာရေး၊ ဘေးကင်းလုံခြုံရေးတို့အတွက် ရည်ရွယ်၍ အုပ်ချုပ်ရေးအဖွဲ့၊ ဂေါပကအဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ကာလသား/သမီးအဖွဲ့၊ အိမ်ထောင်ငယ်အဖွဲ့၊ မိန်းမကြီးအဖွဲ့စသည်ဖြင့် အဖွဲ့အစည်းများကိုဖွဲ့စည်းထားရှိပါသည်။ အဖွဲ့အချင်းချင်းဆက်သွယ်ဆောင်ရွက်မှု အားကောင်းလျက်ရှိပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင်ကာ ရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။ ဤကော်မတီ သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာ ဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားပါမည်။ ကျေးရွာတွင် ပြင်ပအဖွဲ့အစည်းများ ဝင်ရောက်ခြင်းမရှိသည့်အတွက် ကျေးရွာတွင် ကဏ္ဍအစုံ ဖွံ့ဖြိုး တိုးတက်ရန်လိုအပ်လျက်ရှိသည့်အတွက် ပြင်ပအဖွဲ့များအား ချိတ်ဆက်လုပ်ဆောင်ရန်

လိုအပ်နေပါသည်။

## ၄။စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

သဗျာကျေးရွာတွင် အဓိကစိုက်ပျိုးသည့်သီးနှံမှာ ဆန်စပါးဖြစ်ပြီး တစ်နိုင်တစ်ပိုင်အဖြစ် ဓနိဖက်လုပ်ငန်းကိုလုပ်ကိုင်ကြပါသည်။ စိုက်ပျိုးသည့်လယ်ယာမြေများသည် မြေဆီလွှာများပျက်စီးခြင်း၊ သီးနှံအထွက်နှုန်းနည်းခြင်း၊ ဆားငန်ရေဝင်ရောက်ခြင်း၊ သီးနှံပိုးမွှားရောဂါကျရောက်ခြင်းများရှိသည့်အတွက် ဈေးကွက်မမီသည့် သီးနှံများထုတ်လုပ်မှုဖြစ်ပေါ်လျက်ရှိပါသည်။ ရော်ဘာဈေးနှုန်းသည်ကျဆင်းလျက်ရှိသည့်အတွက် အခက်အခဲများဖြစ်နေပါသည်။ လယ်ယာလုပ်ငန်းလုပ်ကိုင်သူအများစုသည် စက်ကိရိယာများကို ငှားရမ်းခြင်းဖြင့်လုပ်ကိုင်ကြပါသည်။

သီးနှံထုတ်လုပ်မှုအတွက် အဓိကပြဿနာမှာ စိုက်ပျိုးရေရှားပါးခြင်း၊ ပိုးမွှားရောဂါကျရောက်မှုအများဆုံးဖြစ်ပေါ်ပါသည်။ သီးနှံမျိုးစေ့ရရှိနိုင်မှု၊ သဘာဝမြေဆွေး/ အော်ဂဲနစ်သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ အလွယ်တကူမရရှိသည့်အတွက် မျိုးကောင်းမျိုးသန့်များရရှိနိုင်သည့်နေရာများအား ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စိုက်ပျိုးရေးနည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးရန် လိုအပ်လျက်ရှိပါသည်။

### (ခ) မွေးမြူရေးနှင့်ငါးလုပ်ငန်း

**သဗျာကျေးရွာ**တွင် စီးပွားဖြစ်မွေးမြူရေးပြုလုပ်သည့် အိမ်ထောင်စု**မရှိပါ**။ အများစုမှာ ကျွဲ၊နွား၊ကြက်၊ဝက်၊ဘဲတို့ကို တစ်ပိုင်တစ်နိုင်မွေးမြူသည့် အိမ်ထောင်စုများဖြစ်ကြပါသည်။ အချို့အိမ်ထောင်စုများမှာ စီးပွားဖြစ်မွေးမြူသော်လည်း **အရင်းအနှီးမရှိခြင်းနှင့် နည်းပညာအားနည်းခြင်းတို့ကြောင့်** ဈေးကောင်းမရရှိသည့်အတွက် ကျေးရွာတွင်သာရောင်းချကြခြင်း၊ မျိုးကောင်းမျိုးသန့်များရရှိရန် လိုအပ်လျက်ရှိပါသည်။ တိရစ္ဆာန်ရောဂါကျရောက်မှုရှိသည့်အတွက် မွေးမြူရေးနှင့်နည်းပညာဆိုင်ရာ ဗဟုသုတတိုးတက်လာစေရန် နည်းပညာဝန်ဆောင်မှုနှင့်သင်တန်းများ လုပ်ဆောင်ပေးနိုင်ပါက စီးပွားဖြစ်မွေးမြူလာနိုင်ကြပါမည်။ ကျေးရွာတွင်ကမ်းနီးငါးဖမ်းလုပ်ငန်းနှင့် ကမ်းဝေးငါးဖမ်းလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုအများအပြားရှိပါသည်။

**သဗျာကျေးရွာ**တွင် မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် အခွင့်အလမ်းများမှာ သွင်းအားစုများ၊ မျိုးကောင်းတိရစ္ဆာန်များကို အသင့်အတင့်ဝယ်ယူရရှိနိုင်ပါသည်။ ငါးလုပ်ငန်းများအတွက် ငါး/ပုစွန်များကိုရောင်းချရာတွင် ဈေးနှုန်းမှန်ကန်စွာဖြင့်

ရောင်းချနိုင်ပါသည်။ မွေးမြူရေးနှင့်သက်ဆိုင်သော နည်းပညာပေးသင်တန်းများ၊ မျိုးကောင်းမျိုးသန့်ရရှိနိုင်သည့်နေရာများ၊ မွေးမြူသည့်နည်းစနစ်များရရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်လျက်ရှိပါသည်။

**သဗ္ဗာကျေးရွာ**တွင် မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် ပြဿနာများမှာ စားကျက်မြေရှားပါးခြင်းအခက်အခဲများရှိပါသည်။ ငါးလုပ်ငန်းအတွက် ပြဿာနာအခက်အခဲများမှာ ငါး/ပုစွန်သားပေါက်များလက်လှမ်းမီမှုမရှိခြင်း၊ သွင်းအားစုများဝယ်ယူ၍ မရရှိခြင်း၊ နည်းပညာအကူအညီနှင့် နည်းလမ်းများမသိရှိခြင်းစသည့်အခက်အခဲများဖြစ်ရှိပါသည်။ ထို့ကြောင့်ကျေးရွာတွင် ငါး/ပုစွန်လုပ်ငန်းလုပ်ကိုင်ရန်အတွက် နည်းပညာသင်တန်းများဖွင့်လှစ်ပို့ချရန်လိုအပ်လျက်ရှိပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ**

**သဗ္ဗာကျေးရွာ**တွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများမှာ အပ်ချုပ်သမား၊ လက်ဖက်ရည်ဆိုင်၊ ကုန်စုံဆိုင်၊ လက်သမား၊ ပန်းရံလုပ်ငန်းစသည်တို့ဖြင့် လုပ်ကိုင်ကြပါသည်။ ဥယျာဉ်ခြံများတွင် အငှားလိုက်လုပ်သူလယ်ယာစိုက်ပျိုးရေးတွင် အငှားလုပ်သူစသည့် ကျပန်းလုပ်ငန်းလုပ်ကိုင်သူများဖြစ်ပါသည်။ အလုပ်အကိုင်အခွင့်အလမ်းမှာနည်းပါးပြီးကျွမ်းကျင်လုပ်သားရှားပါးပါသည်။

**သဗ္ဗာကျေးရွာ**တွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ၏ ပြဿနာမှာအခြားဒေသထွက်ကုန်များမှာလည်း ဈေးကွက်မရှိခြင်း၊ လျှပ်စစ်မီးအနေဖြင့် **ကျေးရွာတွင်သုံးစွဲနိုင်ခြင်းမရှိပါ။** အချို့အိမ်များမှာဆိုလာမီး၊ ဖယောင်းတိုင်မီးနှင့် ရေနံဆီမီးခွက်များကိုသုံးစွဲနေကြပြီး မီးဘေးအန္တရာယ်အတွက်လည်း စိုးရိမ်မှုဖြစ်ရပါသည်။ အဆင်ပြေသည့်အိမ်ထောင်စုများမှ သားသမီးများသာ အသက်မွေးဝမ်းကျောင်းပညာများ သင်ယူနိုင်သည့်အခွင့်အရေးရှိပြီး ဆင်းရဲသည့်မိသားစုများအတွက် အခွင့်အရေးနည်းပါးပါသည်။ ထို့ကြောင့်ကျေးရွာတွင်ရှိသော လူငယ်များအတွက် အသက်မွေးဝမ်းကျောင်းပညာသင်တန်းများဖွင့်လှစ်ပို့ချပေးရန်လိုအပ်နေပါသည်။

**(ဃ) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး**

**သဗ္ဗာကျေးရွာ**တွင် အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် **လယ်ယာ**စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပြီး **ဆန်စပါးကိုကူးသန်းရောင်းဝယ်ကြပါသည်။** ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်သည့်အိမ်ထောင်စုအများစုမှာ၊ ငါး၊ပုစွန်များကို ရောင်းဝယ်ခြင်း၊ ငပိ၊ ပုစွန်ခြောက်၊ ငါးခြောက်များကို အဓိက ကူးသန်းရောင်းဝယ်ကြပါသည်။ **ခြံထွက်သီးနှံအချို့နှင့် ဆောင်သီးနှံအချို့ကိုလည်း ရောင်းဝယ်ကြပါသည်။ ဓနိဖက်လုပ်ငန်း**

**နှင့် ခနိပျားရောင်းဝယ်ရေးကိုလည်းတစ်နိုင်တစ်ပိုင်လုပ်ကိုင်ကြပါသည်။**

(င) **ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

**သဗျာကျေးရွာတွင်** မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် တောင်သူလယ်သမားများ ထံမှအပေါင်ခံပစ္စည်းပုံစံ (၇) ရှိမှသာချေးငွေများကို ကာလလတ်ချေးငွေဖြင့် ချေးပေး လျက်ရှိပါသည်။ အများစုသည်ချေးငွေကို အကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ကျန်းမာရေး၊ပညာရေး) တို့အတွက်အထူးသဖြင့်စားနပ်ရိက္ခာအတွက်ချေးယူကြပါသည်။

**၅။အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**

(က) **ကျေးလက်သယ်ယူပို့ဆောင်ရေး**

**သဗျာကျေးရွာတွင် သယ်ယူပို့ဆောင်ရေးအတွက်**လှေနှင့် စက်လှေ**ကို အဓိကထား အများဆုံးအသုံးပြုကြပါသည်။** လှေ(၄၄)စီး၊ စက်လှေ(၂၂)စီးနှင့် ထော်လာဂျီ(၁)စီးရှိပါသည်။

သဗျာကျေးရွာသည်ကုန်းမြေမရှိသည့်အတွက် ကြပ်စင်တံတားများသာ ရှိပါသည်။ တံတားများသည် သစ်သားများဆွေးမြည့်နေပြီး မိုးရာသီတွင်ရေကြီးပြီးပျက်စီးခြင်းများ၊ မျှောပါခြင်းများရှိသဖြင့် ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး စသည့်ကိစ္စအဖက်ဖက်မှ သွားလာရခက်ခဲနေပါသည်။

(ခ) **ကျေးရွာမီးလင်းရေး**

**သဗျာကျေးရွာတွင် ဆိုလာအသုံးပြုသည့် အိမ်ထောင်စု(၃၉)စုနှင့် ဒီဇယ် အင်ဂျင်မီးအသုံးပြုသည့်အိမ်ထောင်စု(၉)စုရှိပါသည်။** မပြေလည်သည့်အိမ်ထောင်စုများမှာ ရေနံဆီမီးခွက်၊ဖယောင်းတိုင်ဖြင့်သုံးစွဲကြပါသည်။ လျှပ်စစ်မီးရရှိလာပါက ကျောင်းသား/ သူများပညာရေးတိုးတက်လာမှုနှင့် ကျေးရွာအတွင်းတွင် အသေးစားစီးပွားရေးလုပ်ငန်းများ တိုးတက်လာစေရန်အတွက်အထောက်အပံ့ဖြစ်စေနိုင်ပါလိမ့်မည်။

(ဂ) **သတင်းနှင့်ဆက်သွယ်ရေး**

သဗျာကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကိုဖုန်း (၈၁)လုံး၊ ရေဒီယို (၅)လုံး၊တီဗွီ (၁၀) လုံး၊ဂြိုလ်တုစလောင်း(၃)လုံးစသည်တို့မှ သတင်းအချက် အလက်များရရှိပါသည်။ အင်တာနက်လိုင်းမှာ အသုံးပြုရနေပါသည်။ လျှပ်စစ်မီး မရရှိ သေးသည့်အတွက် ဖုန်းများကိုအားသွင်းရန် အခက်အခဲရှိနေပြီး သတင်းများကို အချိန်မီ မသိရှိနိုင်သည့်အခက်အခဲများလည်းရှိနေပါသည်။ ကျေးရွာ၏အချို့နေရာများတွင် ဖုန်းလိုင်း မမိသည့်အခြေအနေများရှိပါသည်။

၆။ပညာရေး

**သဗ္ဗာကျေးရွာတွင် စာမတတ်သူ(၅)ရာခိုင်နှုန်းရှိပါသည်။ မူလတန်းအဆင့် စာတတ်မြောက်မှုသည် စုစုပေါင်းလူဦးရေ၏(၆၆)ရာခိုင်နှုန်း၊ အလယ်တန်းအဆင့် စာတတ်မြောက်မှုသည် (၂၅) ရာခိုင်နှုန်း၊ အထက်တန်းအဆင့် စာတတ်မြောက်မှုသည် (၄) ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့်စာတတ်မြောက်သည့် ကျေးရွာသူ/သားများမှာ(၁)ရာခိုင်နှုန်း ရှိပါသည်။** အထက်တန်းပညာပြီးမြောက်မှုတွင် သိသာစွာလျော့နည်းလာပါသည်။ အထက်တန်းပညာပြီးဆုံးရေးသည် ပညာရေးတိုးတက်မှုအတွက် အဓိကဖြစ်ပြီး မူလတန်း အဆင့်နှင့်အလယ်တန်းအဆင့်သာ အတန်းပညာပြီးမြောက်မှုများပြားနေပါသည်။

**သဗ္ဗာကျေးရွာ** တွင် ယခုလက်ရှိပညာသင်ကြားနေသော လူဦးရေမှာ မူလတန်းအဆင့် တွင် (၄၅)ဦး၊အလယ်တန်းအဆင့်တွင် (၈)ဦး၊ အထက်တန်းအဆင့်နှင့်တက္ကသိုလ်အဆင့်တွင် ပညာသင်ယူနေသူမရှိပါ။ သဗ္ဗာကျေးရွာတွင်မူလတန်းအဆင့်ပညာရေးကို သင်ယူရရှိနိုင်ပြီး စာသင်ကျောင်းတွင် အမိုး၊ နံရံ၊ အကာများ ပြုလုပ်ရန်နှင့် ကျောင်းသုံးပရိဘောဂများလည်း မလုံလောက်သည့်အတွက် လိုအပ်လျက်ရှိပါသည်။ စာသင်ကျောင်းတွင် ကျောင်းဆရာ(၁)ဦး သာရှိသည့်အတွက် ကျောင်းဆရာ/ဆရာမလည်းလိုအပ်လျက်ရှိပါသည်။

ကျေးရွာသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ဆင်းရဲသည့်ကျေးရွာဖြစ်သည့် အတွက် စားဝတ်နေရေးအတွက် အချိန်ပေးနေရသည့်အတွက် ပညာရေးကို အလယ်တန်း အဆင့်ထိသာသင်ယူလျက်ရှိပါသည်။ ထို့ကြောင့် ကျေးရွာတွင် စာပေဟောပြောပွဲများ ပြုလုပ်ပေးရန်လိုအပ်လျက်ရှိပါသည်။ မူလတန်းအဆင့် အခမဲ့ပညာရေးစနစ်ကို အကောင်အထည်ဖော်နေသည့်အတွက် ဆင်းရဲသောမိသားစုများအတွက်လည်း အခက်အခဲ မရှိကျောင်းတက်ခွင့်ရနေပါသည်။ ကုန်ကျစရိတ်သက်သာသော ကလေးအားကစားကွင်း တစ်ခုလည်းလိုအပ်နေပါသည်။ ကျောင်းသား၊ကျောင်းသူများအား စာကျက်ဖြစ်စေရန် တိုက်တွန်းအားပေးရန်နှင့် စာကျက်ဝိုင်းများပြုလုပ်ပေးရန်အတွက် မိဘများမှဝိုင်းဝန်း ဆောင်ရွက်ရန်မှာ အရေးပါလှပါသည်။

**၇။ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

**သဗ္ဗာကျေးရွာတွင်ကျေးလက်ကျန်းမာရေးဌာနခွဲမရှိပါ။** အရေးပေါ်ကျန်းမာရေး ပြဿနာဖြစ်ပေါ်လာလျှင် ရေလမ်းခရီးသာရှိသည့်အတွက် အခက်အခဲဖြစ်ပါသည်။ ကျေးရွာအတွင်းရိုးရိုးဖျားနာသူများအတွက် အဆင်ပြေမှုများရရှိပြီး အရေးပေါ်ကျန်းမာရေး ကုသမှုအတွက် မြို့နယ်/ခရိုင်ပြည်သူ့ဆေးရုံသို့သွားရောက်၍ ကုသကြရပါသည်။ ကျေးရွာတွင် ကျန်းမာရေးနှင့်ပတ်သက်၍ ရာသီအလိုက်ကာကွယ်ဆေးထိုးခြင်း၊

ကျန်းမာရေးနှင့်ပတ်သက်၍ အသိပညာပေးခြင်း ဟောပြောပွဲများလည်း ပြုလုပ်ပေးလျှက်ရှိပါသည်။ ကျေးရွာတွင်သွေးလွန်တုပ်ကွေးရောဂါ၊ သွေးတိုး၊ ဆီးချိုရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုများရှိပါသည်။

သဗျာကျေးရွာတွင် ရေတွင်း၊ စက်ရေတွင်းများမရှိသည့်အတွက် မိုးရာသီတွင် မိုးရေကိုသာ အဓိကထား သောက်သုံးကြရပါသည်။ နွေရာသီတွင် စိမ့်စမ်းရေကို ဝယ်ယူအသုံးပြုကြရပါသည်။ ကျေးရွာတွင် ရေအရင်းအမြစ်မရှိသည့်အတွက် ကျေးရွာအတွက် သောက်သုံးရေအခက်အခဲဖြစ်နေပါသည်။ ကျေးရွာတွင်ရှိသည့် မိုးရေလှောင်ကန်ကို ပြုပြင်ရန်လည်းလိုအပ်လျက်ရှိပါသည်။ ကျေးရွာတွင်မသန့်ရှင်းသောအိမ်သာသုံးစွဲမှုမှာ (၂၃၇) အိမ်ရှိပါသည်။ **သဗျာကျေးရွာတွင်အိမ်ထောင်စုအားလုံးသည် မသန့်ရှင်းသောအိမ်သာသုံးစွဲမှုများဖြစ်ပါသည်။** ဒီရေအတက်အကျရှိသော ကျေးရွာဖြစ်သည့်အတွက် တစ်ရွာလုံးတွင်းမရှိသည့် အိမ်သာအသုံးပြုကြပါသည်။ ဝမ်းရောဂါနှင့်ပတ်သက်သော ကျန်းမာရေးဟောပြောပွဲများပြုလုပ်ပေးရန်လိုအပ်လျက်ရှိပါသည်။

**၈။ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

သဗျာကျေးရွာတွင် ယခုလက်ရှိအချိန်အထိ သဘာဝဘေးအန္တရာယ်ကျရောက်မှုမရှိပါ။ သို့ရာတွင်မိုးရွာသွန်းမှုများသည့်အချိန်တွင် ရေကြီးမှုများဖြစ်ပေါ်လျက်ရှိပါသည်။ အကယ်၍ ဘေးအန္တရာယ်ကျရောက်မည်ဆိုပါက ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများလည်း ဆောင်ရွက်ထားမှုမရှိပါ။ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာလျှင် ထိခိုက်လွယ်မည့်အုပ်စုမှာ (၂၀%) ခန့်ရှိနိုင်ပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်သည့် အသိပညာပေးဟောပြောပွဲများပြုလုပ်ပေးရန်လိုအပ်နေပါသည်။ ထိုမှသာလျှင် ကျေးရွာသူ ကျေးရွာသားများ သည် ကောင်းကျိုး၊ဆိုးကျိုးကိုခွဲခြားတတ်လာပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို တက်ကြွစွာပါဝင်လုပ်ဆောင်လာမည်ဖြစ်ပါသည်။

**၉။ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ**

သဗျာကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးဦးရေနှင့် အမျိုးသားဦးရေ အတူတူပင်ဖြစ်ပါသည်။ ကျေးရွာရှိအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုနှုန်းမှာ အလွန်ပင်နည်းပါးပါသည်။ ကျေးရွာရှိအုပ်ချုပ်ရေးနှင့် လူမှုရေးအသင်းအဖွဲ့များတွင် အမျိုးသမီးများသည်အမျိုးသားများနှင့်တန်းတူပါဝင်လုပ်ဆောင်လာမည်ဆိုလျှင် ကျေးရွာသည်မုချကေန် တိုးတက်ပြောင်းလဲလာပါမည်။ အမျိုးသမီးများ၏စိတ်ဓာတ်အရည်အသွေးကိုမြင့်တင်ပေးပြီး ကျေးရွာရှိစီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးအသင်းအဖွဲ့များတွင် အမျိုးသမီးများပိုမိုပါဝင်လာစေရန် ဖိတ်ခေါ်ရမည်ဖြစ်ပါသည်။ အမျိုးသမီးရေးရာအကြမ်းဖက်မှုများ၊ ဥပဒေနှင့်

တရားမျှတမှုဆိုင်ရာများအတွက် အသိအမြင်မရှိသဖြင့် ပညာပေးသင်တန်းများ၊ ဟောပြော ပွဲများ ပြုလုပ်ရန် လိုအပ်နေပါသည်။

**၁၀။ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ**

| ကျေးရွာအုပ်စုအမည် - သစ်ယာ၁၀ | | | ကျေးရွာအမည် - သဗျာ | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကြပ်စင်တံတားတည်ဆောက်ခြင်း | |
| ၂ | အခြေခံအဆောက်အဦ | သောက်သုံးရေ | မိုးရေလှောင်ကန်ပြုပြင်ခြင်း | |
| ၃ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | စာသင်ကျောင်းပြန်လည်ပြုပြင်ခြင်း | |
| ၄ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကွန်ကရစ်တံတားတည်ဆောက်ခြင်း | |
| ၅ | အခြေခံအဆောက်အဦ | သောက်သုံးရေ | စက်ရေတွင်း၊ ဂါလံ(၅၀၀၀)ဆံ့ရေကန်၊ရေပိုက်သွယ်တန်းခြင်း | |

နောက်ဆက်တွဲ (၁)

## သဗ္ဗာကျေးရွာ၊သစ်ယာဝကျေးရွာအုပ်စု၊ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးဝင်းရွှေ | ဦးစောခင် | ၆/မမန(နိုင်)၁၇၇၂၇၉ | ၅၃ | ဥက္ကဋ္ဌ | - |
| ၂ | ဒေါ်မွန်မွန်ဌေး | ဦးမြင့်စိုး | ၆/မမန(နိုင်)၁၆၄၀၅၉ | ၃၂ | အတွင်းရေးမှူး | ၀၉၂၅၆၈၅၄၄၈၈ |
| ၃ | ဒေါ်သူဇင်မျိုးမြင့် | ဦးမျိုးမြင့် | ၆/မမန(နိုင်)၁၆၄၂၈၇ | ၃၁ | ဘဏ္ဍာရေးမှူး | ၀၉၄၅၇၄၈၄၀၂၃ |
| ၄ | ဒေါ်စန္ဒာစိုး | ဦးမောင်နိုင် | ၆/ကစန(နိုင်)၀၃၇၈၈၁ | ၄၀ | စာရင်းကိုင် | ၀၉၄၅၇၄၈၄၀၂၃ |
| ၅ | ဦးညီညီမျိုးမြင့် | ဦးမျိုးမြင့် | ၆/မမန(နိုင်)၂၀၁၀၄၀ | ၂၆ | အဖွဲ့ဝင် | ၀၉၂၅၆၆၈၀၄၉၆ |
| ၆ | ဒေါ်မေကဗ္ဗျာဦး | ဦးစိုးမင်း | ၆/မမန(နိုင်)၂၇၀၅၅၇ | ၁၈ | အဖွဲ့ဝင် | |
| ၇ | ဦးကျော်ကိုဖြိုး | ဦးမြင့်စိုး | ၆/မမန(နိုင်)၂၂၄၆၃၉ | ၂၈ | အဖွဲ့ဝင် | |
| ၈ | ဦးစိုးမင်း | ဦးစိုးတင့် | ၆/မအရ(နိုင်)၁၅၈၈၆၁ | ၄၉ | အဖွဲ့ဝင် | |
| ၉ | ဦးဇင်ဝင်းဇော် | ဦးဝင်းရွှေ | ၆/မမန(နိုင်)၂၀၁၀၅၀ | ၂၅ | အဖွဲ့ဝင် | |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များssa**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၆ | ၅ | ၁၁ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၈ | ၁၇ | ၂၅ | | ၁ |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၂၁ | ၁၃ | ၃၄ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၀ | ၁၉ | ၂၉ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၀၄ | ၁၀၄ | ၂၀၈ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၄ | ၈ | ၁၂ | | |
| **စုစုပေါင်း** | | ၁၅၃ | ၁၆၆ | ၃၁၉ | | ၁ |
| **စုစုပေါင်း အိမ်ထောင်စု** | | ၇၈ | | | | |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှုးရုံး။**

**မှတ်ချက်။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက်(၁)နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။** ။သဗ္ဗာကျေးရွာတွင် အိမ်ထောင်စုပေါင်း(၇၈)အိမ်ရှိပြီးလူဦးရေပေါင်း(၃၁၉)ဦးရှိပါသည်။ ကျေးရွာတွင်အလုပ်မလုပ်နိုင်သည့်တစ်နှစ်အောက်နို့စို့အရွယ်(၃%)၊၅နှစ်အောက်ကလေးအရွယ်(၈%)၊မူလတန်းကျောင်းသားအရွယ်(၁၁%)၊အလယ်တန်းကျောင်းသားအရွယ်(၉%)၊သက်ကြီးရွယ်ကြီးအရွယ်(၄%)ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့်လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏(၃၅%)နှင့် အလုပ်လုပ်နိုင်သည့်အရွယ်ကျား(၁၀၄)ဦး၊ မ(၁၀၄)ဦးစုစုပေါင်း(၂၀၈)ဦးရှိပြီး တစ်ရွာလုံးလူဦးရေ၏(၆၅%)ရှိပါသည်။ပျမ်းမျှတစ်အိမ်ထောင်လျှင်(၄)ဦးနှုန်းရှိသောကြောင့်ကျေးလက်အိမ်ထောင်စု၏အမျိုးသားအဆင့်ပျမ်းမျှတစ်အိမ်ထောင်လျှင်(၅)ဦးနှုန်းထက်**လျော့နည်း**နေပါသည်။ ကျေးရွာအတွင်းအလုပ်လုပ်နိုင်သောလူဦးရေများပြားမှုကြောင့်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်လူသားအရင်းအမြစ်ကောင်းများအဖြစ်ထောက်ပံ့မှုပေးနိုင်ပါသည်။ ကျေးရွာတွင်မသန်စွမ်းသည့်အမျိုးသမီးအသက်(၂)နှစ်အရွယ်(၁)ဦးရှိပါသည်။အမျိုးသမီး ဦးဆောင်သည့် အိမ်ထာင်စု(၁၂)စုရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ ကျား | ဦးရေ မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၆ | ၉ | ၂ | ၇ | ၂ | ၅ | မြင့် ☐ လတ်☑<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၃ | - | ၃ | - | ၃ | မြင့် ☐ လတ်☐<br>နိမ့် ☑ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃၈ | ၅၁ | - | ၅၁ | | ၁၅ | မြင့် ☑ လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၉ | ၂၀ | - | ၂၀ | | ၆ | မြင့် ☐ လတ်☑<br>နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် | | | | | | | မြင့် ☐ လတ်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | လုပ်ငန်း | | | | | | | နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| ၇ | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| ၈ | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | ၅ | မြင့် ☐ လတ်☐<br>နိမ့် ☑ |
| | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| ၉ | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| ၁၀ | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | |
| ၁၁ | ကိုယ်ပိုင်လုပ်ငန်း | ၂ | ၅ | ၂ | ၂ | ၃ | ၄ | မြင့် ☐ လတ်☑<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐နိမ့် ☐ |
| | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| ၁၂ | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက်အလုပ်သမား | ၂၀ | ၂၅ | ၈ | ၂၃ | ၂ | ၂၂ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၇၈ | ၁၁၃ | ၁၂ | ၁၀၆ | ၇ | ၆၀ | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။“အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ”**အရေအတွက်တွင်**“မိသားစုဝင်လုပ်အား” ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ ဥပမာ –**“စိုက်ပျိုးရေး”** ကဏ္ဍ ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင် ရပ်တည်နိုင်မှု **“မြင့်”** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများ နေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ သဗျာကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းများအား အဓိကထားလုပ်ကိုင်သောအိမ်ထောင်စု (၆)စုနှင့်လုပ်သားအဖြစ် လုပ်ကိုင်သောအိမ်ထောင်စု(၃)စုရှိပြီး၊ ရေလုပ်ငန်းကိုလုပ်ကိုင်သည့် အိမ်ထောင်စု(၄၇)စု ရှိပါသည်။ ထို့ပြင် ဆောက်လုပ်ရေးလုပ်ငန်း၊လက်သမားပန်းရံလုပ်ငန်း၊ဈေးဆိုင်ဖွင့်ရောင်းချခြင်း၊ လယ်ယာထွက်ကုန်နှင့်ရေလုပ်ငန်းထွက်ကုန်များအား ရောင်းဝယ်ဖောက်ကားကြသည့်အိမ်ထောင်စုများလည်းရှိပါသည်။ လုပ်သားအင်အား ပေါများသည့် အတွက်အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရန်လိုအပ်လျက်ရှိပါသည်။

**(ခ–၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၀၀၀၀ | ၆၀၀၀ | ၈၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | ၁၀၀၀၀ | | ၈၀၀၀ | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၅၀၀၀ | | ၈၀၀၀ | ၆၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ /၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ/၈)**

**လေ့လာတွေ့ရှိချက်။** ။သဇ္ဇာကျေးရွာတွင် အများဆုံးလုပ်ငန်းအဖြစ် တံငါ(ရေလုပ်ငန်း)**လုပ်ကိုင်သည့်**အိမ်ထောင်စုအများစုကလုပ်သားအဖြစ်လုပ်ကိုင်သူများပါသည်။ ၎င်းလုပ်ငန်းတွင် အမျိုးသား(၁၀၀၀၀မှ၈၀၀၀)၊ကျပ်ရရှိပါသည်။ လယ်ယာစိုက်ပျိုးရေးတွင်လုပ်ကိုင်သည့် အမျိုးသား(၁၀၀၀၀,၈၀၀၀)၊ အမျိုးသမီး(၆၀၀၀,၄၀၀၀)၊ ဆောက်လုပ်ရေးလုပ်ငန်း တစ်နေ့တွင်အမျိုးသား(၁၀၀၀၀မှ၈၀၀၀) အမျိုးသမီး(၆၀၀၀)ကျပ်ရရှိပါသည်။ **ကျေးရွာတွင် အလုပ်အကိုင်ရှားပါးသည့်အတွက် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်သည့် အိမ်ထောင်စုအချို့ ရှိပါသည်။ ထို့ကြောင့်ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်နှင့် စက်ရုံအလုပ်ရုံများဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါသည်။**

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| လယ်မြေ | ၂၁၅.၅ | ကောင်း ☐ သင့်☑ ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ယာမြေ / တောင်ယာမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☑ သင့်☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | ၅ | ကောင်း ☐ သင့်☐ ညံ့ ☑ |
| စားကျက်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | ၂၂၀.၅ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့်နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။သဗ္ဗာကျေးရွာတွင်စိုက်ပျိုးမြေအများစုမှာ **လယ်မြေနှင့်ဓနိတောမြေ** များဖြစ်ပါသည်။ စပါးကိုအဓိကစိုက်ပျိုးကြပါသည်။ ဓနိတောမြေမှဓနိဖက်လုပ်ငန်းနှင့် ဓနိပျားထုတ်လုပ်သည့်လုပ်ငန်းသာ ရှိပါသည်။ မြေဆီလွှာအရည်အသွေးသည် အသင့်တင့်သောအခြေအနေတွင် ရှိပါသည်။ လယ်ယာမြေများတွင် ဆားငန်ရေဝင်ရောက်ခြင်းများရှိသည့်အပြင် ရာသီအလိုက်ပိုးမွှားရောဂါကျရောက်ခြင်းများ ရှိသည့်အတွက် နည်းပညာပေးသင်တန်းများပို့ချပေးခြင်းစသည်တို့ပြုလုပ်ရန်လိုအပ်နေပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| က်စသည်။) | | | |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့်☐ နည်း ☐မရှိ ☑ | လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး☑အပြောင်းအလဲမရှိ ☐ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☑အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | ☒ | လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐ |
| ရေ – မြေပေါ်ရေ(အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း) | များ ☐ သင့်☑ နည်း ☐မရှိ ☐ | လွယ် ☑ ခက်☐အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☑အပြောင်းအလဲမရှိ ☐ |
| ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐ |
| သစ်တော – အပူပိုင်းသစ်တော | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သစ်တော – ဒီရေတောများ | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** ။**သဗျာကျေးရွာတွင်** ကျောက်၊သဲ၊ကျောက်စရစ်ထွက်ရှိမှုနှင့် **သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများထွက်ရှိမှုမရှိပါ။** သဘာဝတိရစ္ဆာန်မျိုးစိတ်များထွက်ရှိမှု၊ သဘာဝအပင်မျိုးစိတ်များ၊ မြေအောက်ရေထွက်ရှိမှုနှင့်မြေပေါ်ရေထွက်ရှိမှုများသည် ကျေးရွာတွင်အသင့်တင့်ထွက်ရှိပြီး မလုံလောက်သည့်အချိန်တွင် အခြားကျေးရွာများမှဝယ်ယူအသုံးပြုကြပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေးလုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၃ | ၁၂ | ၁၃ | ၅၀ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။သဗျာကျေးရွာတွင်အိမ်ထောင်စုအများစုသည်မပြေလည်သောအိမ်ထောင်စုများဖြစ်ကြပါသည်။ ကျေးရွာသူ/သားအများစုသည် လယ်ယာစိုက်ပျိုးရေးနှင့် ခနီဖက်လုပ်ငန်းလုပ်ကိုင်သူများပါသည်။ သို့ရာတွင် ကျေးရွာအတွင်းဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မည်ဆိုပါက ကျေးရွာသူ/သားများအနေဖြင့် လုပ်အားအလှူဖြင့် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |
| ၃လနှင့်၆လကြားဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |
| ၆လမှ၁၂လအထိဝမ်းစာဖူလုံမှု | ၁၉ | ၄ | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = _____၁၉______<br>လုပ်အားခကြိုယူ = ____________ |

**ရင်းမြစ်..ဥစ္စာခနေအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

**လေ့လာတွေ့ရှိချက်။ ။သဗျာကျေးရွာတွင်** ဝမ်းစာဖူလုံမှုအနေဖြင့် အိမ်ထောင်စု(၆၃)စုကို စစ်တမ်းကောက်ယူခဲ့ပါသည်။ စစ်တမ်းကောက်ယူမှုအရ ချေးငွေယူသည့်အိမ်ထောင်စု(၁၉)**စု**ရှိပါသည်။ ထိုအိမ်ထောင်စု (၁၉)စုထဲတွင် အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု(၄)စုပါဝင်ပါသည်။ ချေးငွေယူ၍ မိသားစုစားဝတ်နေရေးအတွက် ဖြေရှင်းကြရပါသည်။

(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

**ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖင်နှစ်နှင့်အထက် | ၂ | ၇ | ၉ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | ၂ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။သဗျာကျေးရွာတွင်မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုနှင့်(၉)ဦးရှိပါသည်။ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးမ(၂)ဦးရှိပါသည်.။ ၎င်းအိမ်ထောင်စုများမှာလည်း ဆင်းရဲ၍အငှားအလုပ်သမားအဖြစ်ကျပန်းလုပ်ငန်းလုပ်ကိုင်သည့်အိမ်ထောင်စုများဖြစ်ကြပါသည်။

**(င-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ**

**ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | | | ✓ | ✓ | | |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | | | ✓ | ✓ | | |
| ၃ | မုန်တိုင်းဒီရေ | ✓ | | | | | ✓ |
| ၄ | ဆူနာမီ | ✓ | | | | | ✓ |
| ၅ | တိုင်ဖုန်းမုန်တိုင်း | ✓ | | | | | ✓ |
| ၆ | လေဆင်နှာမောင်း | ✓ | | | | | ✓ |
| ၇ | လျှောင် | ✓ | | | | | ✓ |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၈ | အပူလှိုင်း | ✓ | | | | | ✓ |
| ၉ | စိုက်ပျိုးမြေများတွင်ရောင်ဝင်ရောက်မှု | | | ✓ | ✓ | | |
| ၁၀ | အအေးလှိုင်း | ✓ | | | | | ✓ |
| ၁၁ | မိုးသီးကြွေကျမှု | ✓ | | | | | ✓ |
| ၁၂ | မိုးခေါင်ခြင်း | ✓ | | | | | ✓ |
| ၁၃ | တောမီးလောင်ခြင်း | ✓ | | | | | ✓ |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | | ✓ | | | | ✓ |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | | ✓ | | | | ✓ |
| ၁၆ | မြေပြိုခြင်း | ✓ | | | | | ✓ |
| | လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | ✓ | | | | | ✓ |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု(မြေ၊ရေ) | | ✓ | | | | ✓ |
| ၁၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | | ✓ | | ✓ | | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | | ✓ | | | | ✓ |
| ၂၁ | ငှက်ဖျားရောဂါ | ✓ | | | | | ✓ |
| ၂၂ | တီဘီရောဂါ | ✓ | | | | | ✓ |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | ✓ | | | | | ✓ |
| ၂၄ | ကပ်ရောဂါ | | ✓ | | ✓ | | |
| ၂၅ | ပြည်တွင်းပဋိပက္ခ | ✓ | | | | | ✓ |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | | ✓ | | ✓ | | |
| ၂၇ | လူကုန်ကူးခြင်း | ✓ | | | | | ✓ |
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည် | ✓ | | | | | ✓ |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများဖြစ်ပေါ်ခြင်းရှိပါကယင်းဖြစ်စဉ်များအတွက်ကျေးရွာသူရွာသားများထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကကျေးရွာ၏မည်သို့သောအိမ်ထောင်စုများနှင့်အိမ်ထောင်စုမည်မျှထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။ (ဥပမာ။ ။အိမ်ထောင်စု၁၀၀တွင်၂၅အိမ်ထောင်စုအောက် – နိမ့်အိမ်ထောင်စု၁၀၀တွင် ၂၅မှ၅၀အိမ်ထောင်စု – လတ် အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်)

လေ့လာတွေ့ရှိချက်။ ။သဗ္ဗာကျေးရွာတွင်ထိခိုက်သက်ရောက်လွယ်မှုအခြေအနေအရ စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှုနှင့်မြစ်ရေကြီးသည့်ဖြစ်စဉ်များ ရံဖန်ရံခါဖြစ်ပေါ်လျက်ရှိပါသည်။ လူကြောင့်ဖြစ်သည့်ဘေးအန္တရာယ်များအနေဖြင့်မြေဆီလွှာပျက်စီးခြင်း၊ သစ်တောပြုန်းတီးခြင်းနှင့် တိရစ္ဆာန်ကူးစက်ရောဂါ ကျရောက်မှုများဖြစ်ပေါ်လျက်ရှိသည့်နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချရန်လယ်ယာမြေများတွင် ဆားငံရေဝင်သည့်အတွက်ဒီရေတားတမံတည်ဆောက်ရန် လိုအပ်လျက်ရှိပါသည်။

(င-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | လူငယ် | ✓ | | | | | ✓ |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | | ✓ | | | | ✓ |
| ၃ | ဆင်းရဲသားတောင်သူ | | ✓ | | | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ | ✓ | | | | | ✓ |
| ၅ | ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ | | ✓ | | | | ✓ |
| ၆ | မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ | ✓ | | | | | ✓ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | ✓ | | | | | ✓ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | ✓ | | | | | ✓ |
| ၉ | ငါးကန်ပိုင်ရှင်များ | ✓ | | | | | ✓ |
| ၁၀ | လက်လုပ်လက်စားများ၊ကျပန်းများ | | | ✓ | ✓ | | |
| ၁၁ | လူနည်းစုလူမျိုးများ | ✓ | | | | | ✓ |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ | ✓ | | | | | ✓ |
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | ✓ | | | | | ✓ |
| ၁၄ | ရွှေတွင်းလုပ်သားများ | | ✓ | | | | ✓ |
| ၁၅ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | ✓ | | | | | ✓ |
| ၁၆ | နေရပ်ပြန်အခြေချသူများ | ✓ | | | | | ✓ |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | | ✓ | | | | ✓ |
| ၁၈ | ကားမောင်းပြီးအသက်မွေးသူများ | ✓ | | | | | ✓ |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

**မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများစသည်တို့သည်မည်သို့သောအခြေအနေများတွင်လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကမည်မျှအထိထိခိုက်ကြပါသနည်း။**

**လေ့လာတွေ့ရှိချက်။ ။**သဗျာကျေးရွာတွင် ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများမှာ ဆင်းရဲ၍ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု၊ **မသန်စွမ်းသည့်သက်ကြီးရွယ်ကြီးများ၊** ဆင်းရဲသားတောင်သူအများအပြားနှင့် လက်လုပ်လက်စားကျပန်းလုပ်သားများဖြစ်ပါသည်။ ထိုအိမ်ထောင်စုများအတွက် ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများဆောင်ရွက်ပေးရန်လိုအပ်လျက်ရှိပါသည်။

(၂) **ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ**

(က) **ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ**

(က-၁) **ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ**

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | ရပ်မိရပ်ဖအဖွဲ့ | ၁☐၂☑၃☐ | ၇ | | ၇ | ပညာရေး☐ငွေကြေး☑<br>ကျန်းမာရေး☐ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး☑<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☑<br>သင့်☐<br>ညံ့☐ |
| ၂ | ပရဟိတအဖွဲ့ | ၁☐၂☑၃☐ | ၁၁ | ၇ | ၁၈ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☑ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☑<br>သင့်☐<br>ညံ့☐ |
